# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# ၁၃ ရက်မြောက်နေ့ အစီအစဉ်
# [ ၈- ၁၂ - ၂၀၁၆ ]
# (ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **အထက်တန်းရှေ့နေလိုင်စင် သက်တမ်းတိုးရာတွင် သက်တမ်းတိုးနောက်ကျခဲ့သော အထက်တန်းရှေ့နေများအား မြို့နယ်တရားရုံး(၅)ရုံးမှ တရားသူကြီး(၅)ဦး၏ ထောက်ခံချက်ပေးမှသာ လိုင်စင်သက်တမ်း တိုးပေးနေသောစနစ်အား ပြောင်းလဲပြင်ဆင်ပေးရန်နှင့် ရှေ့နေလိုင်စင် သက်တမ်းတိုးရာတွင် တစ်နှစ်တစ်ခါ ပုံမှန်သက်တမ်းတိုးခြင်း မဟုတ်ဘဲ ၂ နှစ် သို့မဟုတ် ၃ နှစ်တစ်ခါ သက်တမ်းတိုးစနစ်သို့ ပြောင်းလဲပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **တောင်ကြီး၊ ဟိုပုန်း၊ ရပ်စောက်(၃)မြို့နယ် ဆက်စပ်ဒေသမှ ပြည်သူများ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ လာမည့်ဘဏ္ဍာရေးနှစ်တွင် အမြန်စီစဉ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာ - တရုတ် ကျောက်ဖြူ - ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း တည်ဆောက်ရေးအတွက် ပိုက်လိုင်းတစ်လျှောက်ရှိ လယ်ယာမြေများထဲမှ အများစုကို ယင်းစီမံကိန်း၏ အော်ပရေတာဖြစ်သော နိုင်ငံခြားကုမ္ပဏီ China National Petroleum Corporation South East Asia Pipeline Co.,Ltd (CNPC-SEAP)က မြန်မာတောင်သူများနှင့် တိုက်ရိုက် စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင်သဘော ဝယ်ယူသိမ်းဆည်းခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိပါသဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယင်းစာချုပ်ကို ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်စေ၊ အခြားနည်းတစ်ခုခုဖြင့်ဖြစ်စေ ဥပဒေနှင့်ညီညွတ်အောင် ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာအုပ်စု အပါအဝင် ဆက်စပ်ကျေးရွာအုပ်စု ၁၀ အုပ်စုထံ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များတွင် လျှပ်စစ်မီးရရှိရေး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်ကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကယားပြည်နယ် လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အသက်သွေးကြောဖြစ်သော ဘီးလူးချောင်းတိမ်ကောမှုအား နိုင်ငံတော်မှထိန်းသိမ်းရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ ရေနံချောင်းမြို့သို့ သွယ်တန်းထားသော 33 KV Line ဖြတ်သန်းသွားရာ ငွေးကုန်းလမ်းခွဲမှတစ်ဆင့် ရုံးကုန်းကျေးရွာသို့ 33 KV Line သွယ်တန်းပေးပြီး ရုံးကုန်း 33 KV Sub Station မှ 5 MVA သို့မဟုတ် 10 MVA Sub Station တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အသက်အန္တရာယ်ကင်းဝေးပြီး စားဝတ်နေရေး အဆင်ပြေစွာ ဘဝလုံလုံခြုံခြုံ ရပ်တည်နိုင်ရေး၊ အကြမ်းဖက်သမားများ ကျူးကျော်သူများ နောက်ထပ်မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။